ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု

# အစီအစဉ်



လူထုစည်းရုံးရေးမှူးအမည် - ဒေါ်ငုဝါလှိုင်

လက်ထောက်နည်းပညာမှူးအမည် - ဦးကျော်မျိုးအေး

ခရိုက်နီးဟုကျေးရွာအုပ်စု၊ တော်ပကောက်ကျေးရွာ

2018 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ..... 3

၂။ တော်ပကောက်ကျေးရွာတည်နေရာပြမြေပုံ ..... 4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ..... 5

၄။ ကျေးရွာအခြေခံအချက်အလက်များ ..... 5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ..... 6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ..... 8

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ..... 16

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ..... 17

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ..... 18

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ..... 21

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ..... 22

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ..... 23

၁၃။ အစည်းအဝေးမှတ်တမ်း ..... 24

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ..... 25

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ..... 25


၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ..... 26

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
CHAUNGZON
MAWLAMYINE
MUDON
Chaungzon
Da Yei
Ka Lwi
Taw Ka Nar
Taung Sun
Daung Yat (West)
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Kha Yaik Thit
Mu Yit Gyi
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
Zee Kone
Hpan Hpa
Ku Lar Bi
Wei Lan
Ka Yaik Du
Mu Yit Kalay
Hin Thar Kyun
Se Pa Lar
Kawt Ka Daik
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Kayin
Yangon
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ တော်ပကောက်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ခရိုက်နီးဟု ကျေးရွာအုပ်စု | ခရိုက်နီးဟု ကျေးရွာ |
| | တော်ပကောက် ကျေးရွာ |
| | ကွင်းကလိန် ကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - တော်ပကောက်ကျေးရွာ

ကျေးရွာအုပ်စုအမည် - ခရိုက်နီးဟု ကျေးရွာအုပ်စု

လူဦးရေ - ကျား - ၅၁၇ ၊ မ- ၅၂၅ ၊ စုစုပေါင်း- ၁၀၄၂ ဦး

အိမ်ထောင်စု - ၁၈၇ စု

တိုင်းရင်းသားလူမျိုးစု - မွန် - ၁၀၄၂ ဦး၊

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး - မူလတန်းကျောင်း (၁) ကျောင်း၊ မူကြိုကျောင်း (၁) ကျောင်း၊

လူမှုရေးအဆောက်အဦး - စေတီ၊ ဘုန်းကြီးကျောင်း၊

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်း၊ မွေးမြူရေး၊ ပန်းရံ/လက်သမား၊ ရေပိုက်သွယ်၊ စက်ပြင်၊ ကျဘမ်း၊ အခြားအရောင်းအဝယ်လုပ်ငန်းများ

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊ ချောင်း၊ မြုံ၊ တောတောင်၊

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 17.10.2017 | ကျေးရွာလူထု | 38 | 75 | 113 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၎င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက်လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking) | 17.10.2017 | ကျေးရွာလူထု | 38 | 75 | 113 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာခနေ ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 17.10.2017 | ကျေးရွာလူထု | 38 | 75 | 113 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စုများအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အခဲ များကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်းများကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျ | မ | ပေါင်း | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 18.10.2017 | ကျေးရွာလူထု | 42 | 70 | 112 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၄င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 18.10.2017 | ကျေးရွာလူထု | 42 | 70 | 112 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၄င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲခြင်း (Village Development Visioning) | 18.10.2017 | ကျေးရွာလူထု | 42 | 70 | 112 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 18.10.2017 | ကျေးရွာလူထု | 42 | 70 | 112 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**တော်ပကောက်ကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ခရိုက်နီးဟုကျေးရွာအုပ်စု၊ တော်ပကောက်ကျေးရွာသည် အိမ်ထောင်စု စုစုပေါင်း (၁၈၇) စုရှိကာ လူဦးရေ စုစုပေါင်း (၁၀၄၁) ဦးရှိပါသည်။ မွန်လူမျိုးများသာ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်း အဖြစ် ရေလုပ်ငန်း၊ လယ်လုပ်ငန်းနှင့် ပန်းရံလုပ်ငန်း ကိုလုပ်ကိုင်ကြသည်။ ကျေးရွာအတွင်း ဘာသာရေးအဆောက်အဦးများအဖြစ် ဘုန်းကြီးကျောင်းနှင့် စေတီပုထိုးတစ်ဆူရှိပါသည်။ ကျေးရွာအုပ်စုဝင်ရွာများအား မြေနီလမ်းဖြင့် မြောက်မှတောင်သို့ ဆက်သွယ်ထားကြောင်းသိရသည်။

**လမ်းပန်းဆက်သွယ်ရေး**

ကျေးရွာအတွင်း အဓိကအသုံးပြုလျက်ရှိသည့်လမ်းမှာ မြေသားလမ်းဖြစ်ပြီးမိုးရာသီတွင် ရေတိုက်စား မှုရှိပြီး သွားလာရအဆင်မပြေမှုများရှိနေသည်။

**ကျန်းမာရေးကဏ္ဍ**


ကျန်းမာရေးကဏ္ဍတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများလိုအပ်ပါက ရွာချင်းကပ်လျက်ရှိသည့် ခရိုက်ဒူးကျေးရွာအုပ်စုရှိ ရေတွင်းကုန်း ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် သွားရောက်ကုသကြရပြီး အရေးပေါ်အခြေအနေနှင့်ကြုံတွေ့

ပါက မုရစ်ကလေးတိုက်နယ်ဆေးရုံနှင့် ချောင်းဆုံမြို့ပေါ်ရှိ ဆေးရုံတို့တွင် သွားရောက် ကုသမှုခံယူကြကြောင်းသိရသည်။

**စီးပွါးရေး**

အဓိကစီးပွါးရေးအနေဖြင့် လယ်လုပ်ငန်းကိုလုပ်ကိုင်ကာ အသက်မွေးဝမ်းကြောင်းမှုများပြုကြသော်လည်း ကိုယ်ပိုင်လုပ်ငန်းမရှိသူများသည် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးကြကာ အချို့မှာ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် သွားရောက်လုပ်ကိုင်ကြ သူများလည်းရှိကြောင်းတွေ့ရသည်။

### ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဇန်ကားချပ်



**တော်ပကောက်ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**


ခရိုက်နီးဟုကျေးရွာအုပ်စု၊ တော်ပကောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင် နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

1. ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့
2. အမျိုးသမီးရေးရာအဖွဲ့
3. မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့
4. နာရေးကူညီမှုအဖွဲ့
5. မီးသတ်အဖွဲ့
6. ပညာရေးကူညီမှုအဖွဲ့
7. မီးလင်းရေးကော်မတီ
8. လူထုဗဟိုပြုစီမံကိန်းအထောက်ကူပြုကော်မတီအဖွဲ့

တို့ဖြစ်သည်။

ဖော်ပြပါအဖွဲ့စည်းများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ကိုင်နေကြသော်လည်း အချင်းချင်းချိတ်ဆက်လုပ်ဆောင်မှုအားနည်းနေသည်ကို တွေ့ရသည်။ ၄င်းအပြင် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့်လည်း ရံပုံငွေမရှိခြင်း၊ တိကျသော တာဝန်၊ ဝတရားများသတ်မှတ်ထားရှိမှုမရှိသေးခြင်းတို့အပြင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များတိကျစွာချမှတ်ထားခြင်းများ မရှိသေးသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရာတွင် ထိရောက်မှုအားနည်းပြီး နှောင့်နှေးနေမှုများရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဉစ္စာဓနကြွယ်ဝမှုဇယား (တော်ပကောက်)

| အဆင့် | ဉစ္စာဓနကြွယ်ဝမှု (သတ်မှတ်ချက်) | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ (က) | (၂၀) ဧက အထက် လယ်၊ ကျွဲနွား (15) ကောင်အထက်၊ တိုက်အိမ်၊ ဆိုင်ကယ်၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာ၊ အိမ်ဈေးဆိုင်၊ ကုန်စုံဆိုင် | 15 | 8 % |
| အသင့်အတင့် (ခ) | လယ် (၁၀) ဧက အောက်၊ ကျွဲ၊ နွား (10) ကောင်အောက်၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ် | 52 | 28% |
| နွမ်းပါး (ဂ) | ဝါးအိမ်၊ ကျပ်အိုး၊ တံငါ (ပိုက်ထောင်၊ ငါးဖမ်း၊ ကျောင်းထောင်၊ မြေယာပိုင်ဆိုင်မှုမရှိ၊ သက်ကြီးရွယ်အို၊ အမျိုးသမီးအိမ်ထောင်ဦးစီး | 120 | 64 % |

**တော်ပကောက်ကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**

တော်ပကောက်ကျေးရွာတွင် အိမ်ထောင်စု (၁၈၇) ရှိသည့်အနက် လယ် (၁၀) ဧက အထက်ရှိပြီး လယ်ယာလုပ်ငန်းနှင့်ပတ်သက်သည့် စက်ကိရိယာပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ(၁၅)စုခန့်သာရှိပြီး အတန်သင့် အဆင်ပြေသည့်မိသားစုများအဖြစ် သတ်မှတ်နိုင်သည်။


လယ် (၁၀) ဧက အောက်ပိုင်ဆိုင်ပြီး ဆိုင်ကယ်ရှိ ပျဉ်ထောင်အိမ်နှင့်နေနိုင်သည့် ဓနအင်အားအဆင့်သတ်မှတ်ချက် (၂) တွင်ရှိသော အိမ်ထောင်စု (၅၂) ခန့်ရှိသည်။

ကျန်သော အိမ်ထောင်စု (၁၂၀) သည် တဲအိမ်၊ မြေယာမဲ့ လက်လုပ်လက်စားများဖြစ်ပြီး ဝင်ငွေနိမ့်ပါးသူများဖြစ်သည်ဟု ဆွေးနွေးချက်များအရသိရသည်။

ကျေးရွာတွင် နွမ်းပါးသူများနှင့် လက်လုပ်စားများသည် အိမ်ထောင်စု၏ ၃ ပုံ ၁ ပုံခန့် ရှိနေသည်ကိုတွေ့ရသည်။ အကြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုနေကြသော်လည်း စိုက်ပျိုးရေမြေပိုင်ဆိုင်မှုရှိသူများ နည်းပါးခြင်း၊ ခေတ်မီစက်ကိရိယာများ၊ စိုက်ပျိုးရေး နည်းစနစ်များအသုံးမပြုနိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်းသိရသည်။ ၎င်းအပြင်တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများလည်း အနည်းငယ်ရှိသော်လည်း နည်းစနစ်တကျမွေးမြူနိုင်မှု အားနည်းခြင်း၊ ဈေးကွက် လုံလောက်စွာ မချဲ့ထွင်နိုင်ခြင်းတို့ကြောင့်လည်း အောင်မြင်မှုနည်းပါးနေသည်ကို တွေ့ရ သည်။ အဓိက အခက်အခဲမှာ အသက်မွေးဝမ်းကြောင်းပြုနိုင်သည့် အတတ်ပညာ၊ အသိပညာ နည်းပါးခြင်းအပြင် လုပ်အကိုင်အခွင့်လမ်း ရှားပါးခြင်းကြောင့်လည်း အခက်အခဲကြုံတွေ့ရကြောင်း သိရသည်။ ကိုယ်ပိုင် လယ်ယာမြေများ မရှိသည့်အချို့သော အိမ်ထောင်စုဝင်များသည် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေး

ဝမ်းကျောင်းပြုနေကြရပြီး အချို့မှာ နိုင်ငံခြားတွင် သွားရောက် လုပ်ကိုင်ကာ အသက်မွေးမှု ပြုလုပ်ကြကြောင်းသိရသည်။

### ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**တော်ပကောက်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်း**

တော်ပကောက်ကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အဆင့် (၁၀) ဆင့် အချက် (၁၀) ချက်ဖြင့် သုံးသပ်ဆွေးနွေးခဲ့ပါသည်။

**အိမ်မှုကိစ္စ**

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားပြီး အမျိုးသမီးများမှသာ ဦးဆောင်ဦးရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု**

ရင်းကဏ္ဍတွင် အမျိုးသမီးအမျိုးသားခွဲခြားထားမှုမရှိဘဲ ရှာဖွေစုဆောင်းရာမှရရှိလာသည့်ဥစာပစည်းများအား အတူတကွပိုင်ဆိုင်ပြီးထိန်းချုပ်သုံးစွဲမှုများရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေး များကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့်နီး ပါးလုပ်ကိုင်နေရခြင်း၊ ရှိနှင့်နေပြီးသော အခွင့်အလမ်းများမှာလည်း များသောအားဖြင့် အမျိုးသားများ ကိုသာအားထားနေခြင်းအပြင် လုပ်ခလစာရရှိမှုတွင်လည်း အမျိုးသမီးများထက်စာလျှင် အမျိုးသားများ ကပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာ အမျိုးသမီးများထက်ပိုမို၍ အလုပ်အကိုင်အခွင့်လမ်းရရှိနေ ကြသည်ဟု သုံးသပ်ရပါသည်။

**ဂုဏ်ငွေရရှိမှု**

ဂုဏ်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက်ပိုမိုနေသော ကြောင့် ဂုဏ်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက်ပိုမိုသည်။ လုပ်အား အတွက်အချိန်ပေးမှုမှာ အမျိုးသားများနှင့် အမျိုးသမီးများတန်းတူဖြစ်သော်လည်း လုပ်ငန်းအားလုံး နီးပါးတွင် လုပ်ခလစာပေးချေမှုမှာ အမျိုးသမီးများထက်စာလျှင် အမျိုးသားများက ပိုမိုရရှိခြင်းကြောင့် လည်း ဂုဏ်ငွေရရှိမှုအပိုင်းတွင် အမျိုးသားများက ပိုသည်ကိုတွေ့ရှိရသည်။

**လုံခြုံမှု**

ဘဂလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဂလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင် ပယောဂများကြောင့်မဟုတ်ပဲ ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်း ဖြစ်ကြောင်းသိရှိရသည်။

**အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်**

၎င်းကဏ္ဍအပိုင်းတွင်လည်း အမျိုးသားများမှာ အမျိုးသမီးများထက် မြင့်မားနေသည်ကိုတွေ့ရ သည်။ အကြောင်းမှာ အစဉ်အဆက်ကတည်းက အမျိုးသားများအား အိမ်ထောင်ဦးစီးများအဖြစ် သတ်မှတ်ထားခြင်းခံရပြီး အိမ်၏အရေးအရာများအား ဦးဆောင်ကာ ဆုံးဖြတ်နေကြခြင်းနှင့် အမျိုးသမီး အများစုမှာ အိမ်အတွင်းတွင်သာအနေများခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။


**ပညာသင်ကြားခွင့်**

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများမှ အမျိုးသားများထက် သာလွန်သည်။ အကြောင်းမှာ စားဝတ်နေရေးအခက်အခဲ၊ စီးပွါးရေးအခက်အခဲများကြောင့် အမျိုးသားများမှာ အရွယ်မတိုင်ခင် ကျောင်းထွက်ရပြီး စီးပွါးရေးအတွက် လုပ်ငန်းခွင်ဝင်နေရခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

**ရပ်ရွာအရေးကိစ္စများတွင် ဆုံးဖြတ်ချက်ချပိုင်ခွင့်**

၎င်းကဏ္ဍတွင် အမျိုးသားများမှ ဦးဆောင်မှုနှင့်ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများထက်သာ လွန်နေသည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများ အဖြစ် သတ်မှတ်ထားခြင်း၊ အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားအပေါ်တွင် သာမီခိုအားထားပြုနေ ကြခြင်းတို့ကြောင့် ၎င်းကဏ္ဍတို့တွင် အမျိုးသားများမှသာလွန်နေကြောင်းသိရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား



### တော်ပကောက်ကျေးရွာ ရာသီခွင်ပြဇယား သုံးသပ်ချက်


ခရိုက်နီးဟုကျေးရွာအုပ်စု၊ တော်ပကောက်ကျေးရွာ၏ရာသီဥတုအခြေအနေမှာ တပေါင်းလမှ တန်ခူးလအထိ အလွန်ပူပြင်းပြီး နယုန်လတွင် မိုးအနည်းငယ်ရွာသွန်းကာ ဂါဆိုလမှတော်သလင်း လခန့်အထိ မိုးများသည်။ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် မိုးအနည်းငယ်ကျန်ရှိသေးသည်။ နတ်တော်လ နှင့် ပြာသိုလ တို့တွင် ဆီးနှင်းများကျရောက်ပြီး အေးမြသည်။

ပွဲတော်များအနေဖြင့် သီတင်းကျွတ်လတွင် ကထိန်ပွဲရှိပြီး ပြာသိုလတွင်ကျေးရွာဘုရားနှင့် တန်ခူးလ တွင်သင်္ကြန်ပွဲတော်ရှိသည်။

လယ်ယာလုပ်ငန်းအနေဖြင့် ကဆုန်လနှင့် နယုန်လများတွင် ထယ်ထိုးပြီး ဂါဆိုလတွင် ကောက်စိုက်ကာ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် ရိတ်သိမ်းသည်။ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် အိမ်ထောင်စုများအနေဖြင့် သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတို့တွင် ဝင်ငွေများပြီးစားဝတ်နေရေး အဆင်ပြေသည်။ မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးမှုပြုသူများအနေဖြင့် တစ်နှစ်ပတ်လုံးလုပ်ကိုင်ကျသော်လည်း အစာစားရိတ်ကြီးမြင့်ခြင်းကြောင့် အချို့သောမိသားစုဝင်များအနေဖြင့် ချေးငွေများရယူကာ လုပ်ကိုင်ကြရသဖြင့် အဆင်မပြေမှုများရှိနေသည်ဟု သိရသည်။ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည့် အချို့သောမိသားစုများမှ မိုးများသည့် ဂါဆိုဂါခေါင်လများမှလွဲ တစ်နှစ်ပတ်လုံးနီးပါးလုပ်ကိုင်ကြသော်လည်း ဝင်ငွေအနေဖြင့် ချောင်လည်မှုအားနည်းနေသေးသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဂါဆိုဂါခေါင်လများတွင် ရာသီဥတုပြောင်းလဲ မှုကြောင့်ဖျားနာမှုများ ဖြစ်ပေါ်တတ်သည် ဟုသိရပါသည်။

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



**တော်ပကောက်ကျေးရွာ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

တော်ပကောက်ကျေးရွာတွင် ကျေးရွာအတွင်းရှိ အရင်းအမြစ်များကို ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုတွင် အမျိုးသား/အမျိုးသမီးများမှာ အချို့သောအကြောင်းအရာ အနည်းအကျဉ်းမှအပ ကွာဟချက်ကြီးမားခြင်းမရှိသည် ကိုတွေ့ရသည်။၎င်းပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှုအရ အမျိုးသား/အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ တန်းတူညီမျှမှုရှိနေသည်ကို တွေ့ရသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဉက္ကဋ္ဌ | ဦးအောင်နိုင်ဦး | |
| | | | ဒေါ်အိမာခိုင် | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးကြည်ခိုင် | |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းသန်း | |
| | | အဖွဲ့ဝင် | ဒေါ်ထွေးသန်း | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးသန်းဝင်း | |
| | | အဖွဲ့ဝင် | ဒေါ်ဝင်းအေး | |
| | | အဖွဲ့ဝင် | ဒေါ်ချိုချိုမော် | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးသန်းလွင် | |
| | | အဖွဲ့ဝင် | ဒေါ်မြင့်စန်း | |
| | | အဖွဲ့ဝင် | ဦးအေးမြင့် | |
| ၅ | ဝေဖန်အကြံပြုတိုင်ကြားရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးဘစိန် | |
| | | အဖွဲ့ဝင် | ဒေါ်တင်တင်မူ | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးမြတ်စိုး | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးဝင်းမြင့် | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်ချယ်ရီဝင်း | |

## ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးစောသိန်း | ၀၉၇၈၆၈၀၃၁၁၄ | ဒေါ်ငုဝါကျိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| မွန် | ချောင်းဆုံ | ခရိုက်နီးဟူ | တော်ပကောက် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---မွန်--- | ၁၈၇ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၈၇ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---မွန်--- | ၅၁၇ | ၅၃၅ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၆၇ | ၃၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | [မြေသားလမ်း] | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

| | ဝိုင်းပါ |
|---|---|
| (၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? | [ရှိပါသည်]/မရှိပါ/မသိပါ |
| (၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? | နှစ်-2014-/မသိပါ |
| (၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? | [ပြုခဲ့ပါသည်]/မပြုခဲ့ပါ /မသိပါ |

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန်---20 မိနစ်----- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်-------30 မိနစ်--------- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မီးလင်းရေးကော်မတီ------

(၂) ---ရေရရှိရေးကော်မတီ----

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဇော်ဘိုင်

လက်မှတ် နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ငြိမ်းလှိုင်

လက်မှတ် နေ့စွဲ

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ငွေမြိုင်


နေ့စွဲ 17.10.17

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း | ရှမ်း | မြို့နယ် | ချောင်းဆုံ | ကျေးရွာအုပ်စု | ခရိုက်နီးဟု | ကျေးရွာ | တော်ပကောက် |
|---|---|---|---|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 17.10.17 | 17.10.17 | 38 | 75 | 113 | ရှမ်း (113) | | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 18.10.17 | 18.10.17 | 42 | 70 | 112 | ရှမ်း (112) | | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 20.10.17 | 20.10.17 | 25 | 23 | 48 | ရှမ်း (30) ဗမာ (10) ကရင် (8) | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.11.17 | 23.11.17 | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 20.11.17 | 20.11.17 | 13 | 26 | 39 | ရှမ်း (39) | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 2.12.17 | 2.12.17 | 9 | 7 | 16 | ရှမ်း (16) | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 25.12.17 | 25.12.17 | 8 | 6 | 14 | ရှမ်း (14) | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 30.12.17 | 30.12.17 | 8 | 7 | 15 | ရှမ်း (15) | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 7.1.18 | 7.1.18 | 8 | 8 | 16 | ရှမ်း (16) | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 15.1.18 | 15.1.18 | 6 | 7 | 13 | ရှမ်း (13) | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 30.1.18 | 30.1.18 | 6 | 6 | 12 | ရှမ်း (12) | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 22.2.18 | 22.2.18 | 7 | 7 | 14 | ရှမ်း (14) | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 25.3.18 | 25.3.18 | 9 | 7 | 16 | ရှမ်း (16) | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 3.4.18 | 3.4.18 | 34 | 76 | 110 | ရှမ်း (110) | | |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက် အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်ဒုဝါကျိုင်

| နေ့စွဲ 18. 10. 2017 | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ✓ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
|---|---|---|---|
| ပြည်နယ်/တိုင်း ချင်း | မြို့နယ် ထန်တလန် | ကျေးရွာအုပ်စု ခရိုက်နီးဟု | ကျေးရွာ တော်ပကောက် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရေအရင်းအမြစ်များ လုံလောက်မှုမရှိသဖြင့် သောက်သုံးရေရှားခဲ့ခြင်း။ | ၁ | ကျေးရွာလမ်း မရှိသဖြင့် ရွာသားများ မိုးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရန်ခက်ခဲခြင်း။ |
| ၂ | ကျေးရွာလမ်း မရှိသဖြင့် ရွာသားများ မိုးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရန်ခက်ခဲခြင်း။ | ၂ | ရေအရင်းအမြစ်များ လုံလောက်မှုမရှိသဖြင့် သောက်သုံးရေရှားခဲ့ခြင်း။ |
| ၃ | လမ်းမကောင်းသဖြင့် ဆက်သွယ်ရေးခက်ခဲရှိခြင်း။ | ၃ | ကျေးလက်ဆေးပေးခန်း မရှိသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်း။ |
| ၄ | ကျေးလက်ဆေးပေးခန်း မရှိသဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှု အားနည်းခြင်း။ | ၄ | လမ်းမကောင်းသဖြင့် ဆက်သွယ်ရေး ခက်ခဲရှိခြင်း။ |
| ၅ | | ၅ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျှင် [illegible] ဖြစ်ရမည်။ | ၁ | ကျေးရွာလမ်းရှည် ပေါင်းလုပ်ဆောင်ရန် တည်ဆောက်ပြီး ဖြစ်ရမည်။ |
| ၂ | ကျေးရွာလမ်းရှည် ပေါင်းလုပ်ဆောင်ရန် တည်ဆောက်ပြီး ဖြစ်ရမည်။ | ၂ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရမည်။ |
| ၃ | ကျေးရွာတွင်း သန့်ရှင်းသော သောက်သုံးရေ ရေအရင်းအမြစ်များ လုံလောက်စွာ ရရှိပြီး ရေလုံလောက်စွာ | ၃ | ကျေးရွာတွင်း သန့်ရှင်းသော သောက်သုံးရေ ရရှိပြီး ဖြစ်နေရမည်။ |
| ၄ | ရရှိပြီး ဖြစ်နေရမည်။ | ၄ | ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျန်းမာရေး |
| ၅ | ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျန်းမာရေး အဆောက်အဦးများ ရှိနှင့်ပြီး ဖြစ်ရမည်။ | ၅ | အဆောက်အဦးများ ရှိနှင့်ပြီး ဖြစ်ရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာလမ်း တည်ဆောက်ခြင်း | အမျိုးသား + သမီး | 9500000 | 1040 |
| ၂ | ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | အမျိုးသား + သမီး | 12000000 | 1040 |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှုအစီအစဉ်
(ခရိုက်နီးဟုကျေးရွာအုပ်စု၊ တော်ပကောက်ကျေးရွာ)

ယ။ လုထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၂ | အင်္ဂလိပ်စကားပြောသင်တန်း | အမျိုးသား + သမီး | |
| ၃ | စက်ပြင်သင်တန်း | အမျိုးသား | |
| ၄ | ကွန်ပျူတာသင်တန်း | အမျိုးသား + သမီး | |
| ၅ | ပန်းပြင်သင်တန်း | အမျိုးသား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---- [illegible] ---- လက်မှတ် ---- [illegible] ---- နေ့စွဲ ---- 18.10.2017 ----

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible]

ရာချိ

စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄)


ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible]

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | 550'×10'×0-6" | 1073 | ☐ ကျား ☐ မ ☑ ကျား+မ | 7500000 | - | - | - | 7500000 |
| [illegible] | [illegible] | 1260'×(5'+4')/2×1'-0" | 1073 | ☐ ကျား ☐ မ ☑ ကျား+မ | 2016700 | - | - | - | 2016700 |
| [illegible] | [illegible] | 8'×5'×7' | 309 | ☐ ကျား ☐ မ ☑ ကျား+မ | 4000000 | - | - | - | 4000000 |
| [illegible] | [illegible] | 40'×20'×12' | 1040 | ☐ ကျား ☐ မ ☑ ကျား+မ | 9500000 | - | - | - | 9500000 |
| | | | | ☐ ကျား ☐ မ ☐ ကျား+မ | | | | | |

[illegible] အမည် လက်မှတ် ရက်စွဲ

[illegible]

## ၁၃။ အစည်းအဝေးမှတ်တမ်း



အစည်းအဝေးမှတ်တမ်း

နေ့စွဲ - 17. 10. 17 မှ 18. 10. 17

နေရာ - တော်ပကောက် ကျေးရွာ

အချိန် - 11:00 am မှ 3:00 pm

ကျေးရွာအုပ်စု - ခရိုက်နီးပာ

အကြောင်းအရာ - အစည်းအဝေးတွင် ကျေးရွာအုပ်ချုပ်ရေးမှူး မှ လာရောက်လာသူများအား ပြောကြားပြီး အစီအစဉ် အရ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ ဦးတေဇာမြင့်ဖြိုး ဝင်း မှ မိမိတို့ အကြောင်းအရာများကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် အစီအစဉ်များကို အလျဉ်းကျ ဆွေးနွေးပြီးနောက် စေတနာ့ဝန်ထမ်းများအား ကျေးရွာလူထုများ၏ သဘောဆန္ဒဖြင့် မဲပေးရွေးချယ်ခြင်း ပြုလုပ်ခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် လူမှုစီးပွားအခြေပြု အရင်းအမြစ်ပြမြေပုံ ရေးဆွဲပြီး၊ အခက်ခဲပြဿနာများကို ဝိုင်းဝန်းဆွေးနွေးကြပါသည်။ ထို့နောက်၊ ကျား-မ ရေးရာ အကြောင်း နှင့် ပတ်သက်သော ပိုင်ဆိုင်မှု၊ ထိန်းချုပ်မှု နှင့် ပဋိပက္ခဖြေရှင်း ဆွေးနွေးခြင်းများ နှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန်အတွက် ရာသီစဉ်ပြ ပြက္ခဒိန် ဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော ချမ်းသာကြွယ်ဝမှု နှင့် ဆင်းရဲမှု၊ ကျေးရွာလူထု၏ အနာဂတ်တွင် ဖြစ်စေချင်သော မျှော်မှန်းချက်များ ချမှတ်ပြီးနောက် အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | ရေအရင်းအမြစ်မလုံလောက်သောကြောင့် သောက်သုံးရေခက်ခဲခြင်း။ |
| ၂ | ကျား/မ | ကျေးရွာခန်းမ မရှိသဖြင့် အစည်းအဝေးပြုလုပ်ရာတွင် နေရာခက်ခဲခြင်း |
| ၃ | ကျား/မ | ကျေးရွာအတွင်း အဆင့်မြှင့်တင်ရန် လမ်းများကျန်ရှိနေသေးခြင်း |
| ၄ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း။ အခြားကျေးရွာများတွင် သွားရောက်ပြသရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း။ |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့နေပြီး ဖြစ်ရမည်။ |
| ၂ | ကျား/မ | ကျေးရွာခန်းမရှိပြီးဖြစ်ရမည်။ |
| ၃ | ကျား/မ | ကျေးရွာအတွင်း သန့်ရှင်းသော သောက်သုံးရေအရင်းအမြစ်များလုံလောက်စွာရှိပြီး ရေလိုအပ်ချက်ဖူလုံနေပြီးဖြစ်ရမည်။ |
| ၄ | ကျား/မ | ကျေးရွာသူ/သားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများ/ အခြေခံအဆောက်အဦများ ရှိနှင့်ပြီးဖြစ်ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | အင်္ဂလိပ်စကားပြောသင်တန်း | ကျား/မ | | |
| | ၃ | စက်ပြင်သင်တန်း | ကျား | | |
| | ၄ | ကွန်ပျူတာသင်တန်း | ကျား/မ | | |
| | ၅ | ဖုန်းပြင်သင်တန်း | ကျား | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။